
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၂/၂၀၂၄ )


## (၂၉.၅.၂၀၂၄ မှ ၄.၆.၂၀၂၄ ထိ )

၁။ **ပြည်တွင်း ၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၃-၂၀၂၄ ခုနှစ်၊ နွေစပါးစိုက်ဧက (၂.၇၄၅) သန်းအပေါ် (၁၅-၅-၂၀၂၄) ရက်နေ့ထိ ရိတ်သိမ်းဧက (၂.၀၂၀) သန်း ၊ ပျမ်းမျှအထွက်နှုန်း (၁၀၅.၅၆) တင်းဖြင့် အထွက်တင်း(၂၁၃.၂၄၃) သန်းထွက်ရှိနေပြီဖြစ်ပါသည်။၂၀၂၄-၂၀၂၅ခုနှစ်၊ မိုးစပါး စိုက်ပျိုးရန်လျာထားဧက(၁၅.၀၀၅) သန်းအပေါ် (၁၅.၅.၂၀၂၄) ရက်နေ့ထိ စိုက်ပျိုးပြီးဧက(၀.၀၃၇) သန်း၊ (၀.၂၅ %) စိုက်ပျိုးဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလထုတ်ပြန်သည့် USDA ၏ စာရင်းများ အရ ၂၀၂၃-၂၀၂၄ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၇.၅၅ ဟက်တာသန်း**(ဧက၄၁၃.၈၄၈ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၇၀ မက်တန်**(၂၂၅.၁၇၇တင်း)**၊ စုစုပေါင်း အထွက်မက်တန် ၅၂၇.၆၁ သန်း **(စပါးတင်း ၂၅၂၇၇.၇၉၅ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၈၂၀၀၀၀ | ၁၈၂၀၀၀၀ | ဧည့်မထ(မိုး) | ၈၅၀၀၀ | ၈၅၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၅၀၀၀၀ | ၁၇၅၀၀၀၀ | ဧည့်မထ(နွေသစ်) | ၈၅၀၀၀ | ၈၅၀၀၀ |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၂၁၁၆၀၀၀ | ၂၁၁၆၀၀၀ | ဧည့်မထ(မိုး) | ၈၉၀၀၀ | ↓ ၈၅၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၇၄၈၀၀၀ | ၁၇၄၈၀၀၀ | ဧည့်မထ(နွေသစ်) | ၇၈၀၀၀ | ↑ ၈၂၀၀၀ |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၉၃၂၀၀၀ | ၁၉၃၂၀၀၀ | ဧည့်မထ(မိုး) | ၇၆၀၀၀ | ၇၆၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၈၄၀၀၀၀ | ၁၈၄၀၀၀၀ | ဧည့်မထ(နွေသစ်) | ၇၄၀၀၀ | ၇၄၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၂၀၃၀၀၀၀ | ၂၀၃၀၀၀၀ | ဧည့်မထ(မိုး) | ၇၆၀၀၀ | ၇၆၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၄၀၀၀၀၀ | ၂၄၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၀၀၀၀ | ၉၀၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၃၀၀၀၀၀ | ၂၃၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၈၀၀၀ | ၈၈၀၀၀ |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမာင်း(မိုး) | ၃၃၀၀၀၀၀ | ၃၃၀၀၀၀၀ | ရေမာင်း(မိုး) | ၁၄၀၀၀၀ | ၁၄၀၀၀၀ |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ရွှေဝါထွန်း(မိုး) | | | ရွှေဝါထွန်း(မိုး) | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၂၁၀၀၀၀၀ | ၂၁၀၀၀၀၀ | ဇီယာ(မိုး) | ၇၉၀၀၀ | ၇၉၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၃၅၀၀၀၀၀
၃၃၀၀၀၀၀
၃၁၀၀၀၀၀
၂၉၀၀၀၀၀
၂၇၀၀၀၀၀
၂၅၀၀၀၀၀
၂၃၀၀၀၀၀
၂၁၀၀၀၀၀
၁၉၀၀၀၀၀
၁၇၀၀၀၀၀
၁၅၀၀၀၀၀
ယခင်အပတ်
ယခုအပတ်
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်


ဆည်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၅၀၀၀၀
၁၄၀၀၀၀
၁၃၀၀၀၀
၁၂၀၀၀၀
၁၁၀၀၀၀
၁၀၀၀၀၀
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
ယခင်ပတ်
ယခုအပတ်
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၃.၅.၂၄ | ၂၀.၅.၂၄ | ၂၇.၅.၂၄ | ၃.၆.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၂၇ | ၆၆၄ | ၆၆၄ | ၆၆၄ |
| | | White Rice ၅% | ၆၁၄ | ၆၄၉ | ၆၄၉ | ၆၄၉ |
| | | White Rice ၂၅% | ၅၈၂ | ၆၁၀ | ၆၁၁ | ၆၁၁ |
| | | Parboiled Rice ၁၀၀% | ၆၁၆ | ၆၃၈ | ၆၃၈ | ၆၃၈ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၈၉ | ၅၉၂ | ၅၉၂ | ၅၉၂ |
| | | White Rice ၂၅% | ၅၅၉ | ၅၆၆ | ၅၆၆ | ၅၆၆ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၇၉ | ၅၈၂ | ၅၉၈ | ၅၉၈ |
| | | White Rice ၂၅% | ၅၄၆ | ၅၄၈ | ၅၄၈ | ၅၄၈ |
| (ဃ) | မြန်မာ | White Rice ၅% | ၅၆၅-၅၇၅ | ၅၆၅-၅၇၅ | ၅၆၅-၅၇၅ | ၅၆၅-၅၇၅ |
| | | White Rice ၁၀% | ၅၆၅-၅၇၀ | ၅၆၅-၅၇၀ | ၅၆၅-၅၇၀ | ၅၆၅-၅၇၀ |
| | | White Rice ၁၅% | ၅၆၀-၅၆၅ | ၅၆၀-၅၆၅ | ၅၆၀-၅၆၅ | ၅၆၀-၅၆၅ |
| | | White Rice ၂၅% | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ |
| | | Parboiled Rice ၅% | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ | ၆၄၀-၆၄၅ |
| | | Parboiled Rice ၁၀% | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ | ၆၃၅-၆၄၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၃-၆-၂၀၂၄နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၄.၆၁၂) သန်းဖြစ်ပါသည်။ USDA Foreign Agricultural Service (gov) (Grain World Market and Trade ) Website သတင်းအရ ၂၀၂၄ ခုနှစ်၊ မေလ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၆.၁၁၆) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၁-၄-၂၀၂၄ မှ ၂၄-၅-၂၀၂၄ နေ့ထိ ဆန်တန်ချိန် (၁၅၂၃၂၆) ၊ တန်ဘိုး(၈၈.၃၁၇) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၈၃၉၉၄)၊ တန်ဘိုး(၃၉.၃၀၆) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၆၈၃၃၂)၊ တန်ဘိုး(၄၉.၀၁၁) USD သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ညှော်မထ ၂၅% ဆန်တစ်တန်ပေါက်ဈေးမှာ FOB ၅၅၅ USD ဖြစ်ပြီး ပျှမ်းမျှငွေလဲနှုန်း ၃၁၄၀ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၁၈ USD ဖြစ်သဖြင့် ညှော်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဆန်ဝယ်လိုအားလျော့နည်းနေပြီး ရောင်းလိုအားများနေသည့်အတွက် အရောင်းအဝယ်အေးနေပြီး ပို့ကုန်ဆန်ဈေးနှုန်းများဈေးငြိမ်နေပါသည်။ ဗီယက်နမ်နိုင်ငံတွင် နွေစပါးများစတင်ထွက်ရှိလာပြီဖြစ်သဖြင့် ဆန်ရောင်းအားများလာ၍ အရောင်းအဝယ်အေးနေခြင်းကြောင့် ပို့ကုန်ဆန်ဈေးနှုန်းများဈေးငြိမ်နေပါသည်။ ပြည်တွင်းဈေးကွက်၌ ပုသိမ်တွင် ဈေးကွက်ဝင်ရောက်မှုပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးနေသဖြင့် မိုးစပါးဈေးကျခဲ့ပြီး နွေစပါးမှာ ယခုရက်ပိုင်း မိုးရွာသွန်းမှုများ၍ ဈေးကွက်ဝင်ရောက်မှုနည်းသဖြင့် စပါးဈေးနှုန်းတက်ခဲ့ပါသည်။ ကျန်မြို့နယ်အချို့တွင် စပါး ၊ ဆန် ဈေးနှုန်းများဈေးငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရှိရပါသည်။